# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ပထမနေ့အစီအစဉ်

# [ ၂၂ – ၈ – ၂၀၁၁]

# (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန် အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ အောက်ပါဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်သို့တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း–

(က) ၂၄–၆–၂၀၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေး ခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ သတင်းနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား တွေ့ဆုံပြောကြားချက်။

(ခ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော် (State Duma )ဥက္ကဋ္ဌ H.E.Mr. B.V.Gryzlov ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၅–၆–၂၀၁၁ရက်မှ ၂–၇–၂၀၁၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်။

(ဂ) မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ၏ ကချင်ပြည်နယ်အတွင်း တပ်မတော် နှင့် KIA အကြား ပစ်ခတ်မှု ရပ်ဆိုင်း၍ တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ချက်။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်ပနိုင်ငံ အစိုးရနှင့်လွှတ်တော် အကြီးအကဲများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခြင်း။

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ (၄၀) လစ်လပ်ခြင်း။

၈။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်း အဆို တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း။

၉။ ကော်မတီနှင့် ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၁၀။ လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအား ကော်မတီ နှင့် ကော်မရှင်များသို့ ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၁၁။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တက်ရောက်ရန် အတွက် ပြည်သူ့လွှတ်တော် အစည်းအဝေးပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။